ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပါမောက္ခချုပ်များကော်မတီ

# ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ

## စာတမ်း

(၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ)

MICC-2 နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | အကျိုးအကြောင်းဖော်ပြချက် | ၂ |

## ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ

ဒေါက်တာကျော်ကျော်ခေါင်၊ ပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ဥက္ကဋ္ဌ၊ ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများအဖွဲ့

**နိဒါန်း**

အမျိုးသားပညာရေးဥပဒေ၊ အခန်း(၃) ပုဒ်မ-၄၊ အပိုဒ်(င)အရ ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေးဟူသော ပြဋ္ဌာန်းချက်အရနှင့် အမျိုးသားပညာရေးဥပဒေ ပုဒ်မ-၃၅ အရပြည်တွင်း၊ ပြည်ပမှ ဖွင့်လှစ်သော အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့် ပညာရေးအဆင့်အတန်းရှိသောကျောင်း၊တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ကောလိပ်နှင့် သိပ္ပံများသည် ဤဥပဒေ (သို့မဟုတ်) တည်ဆဲပညာရေး ဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်ဆိုသော စကားရပ်များအရ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနက ပြည်တွင်း၊ ပြည်ပမှဖွင့်လှစ် သော ဖော်ပြပါ ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “လာမည့်(၅)နှစ်တာကာလအတွင်း ကျောင်းသားများ၊ လူငယ်များနှင့် အရွယ်ရောက်သူများ၏ ဘဝတစ်သက်တာ ပညာသင်ယူမှု ရရှိနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးစနစ်ကို အဓိကထားပြောင်းလဲပေးရပါမည်။ ထိုကဲ့သို့ ပြောင်းလဲပေးရာတွင် အရည်အသွေးနှင့် သာတူညီမှုရရှိပြီး ကလေးများနှင့် လိုက်လျောညီထွေမှုရှိသော ပညာရေးစနစ်သည် မရှိမဖြစ်လိုအပ်လာပါသည်။ သို့မှသာကလေးများအနေဖြင့် အသိပညာသစ်များနှင့် တတ်ကျွမ်းမှုများ၊ တီထွင်ဖန်တီးခြင်းနှင့် ဆန်းစစ်ဝေဖန်ခြင်းဆိုင်ရာကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများနှင့် ကျင့်ဝတ်များ ရရှိကာ မိမိတို့အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို ရွေးချယ်တတ်လာစေခြင်းဖြင့် (၂၁)ရာစု မြန်မာနိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်မည်ဖြစ်ပါသည်” ဟု ပြောကြားခဲ့ပါသည်။

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) အခန်း(၁၁)၊ ပုဒ်မ-၆၀တွင် ဖော်ပြချက်အရ ဝန်ကြီးဌာနသည် ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများအတွက် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်ဟု ဖော်ပြပါရှိပါသည်။

ထို့ကြောင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ရက်စွဲပါ စာအမှတ်၊ စီမံကိန်း (အဖွဲ့)/၂၀၁၈ (၁၂၅၅၁)အရ ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံး၏ ရက်စွဲပါ စာအမှတ်၊ စီမံကိန်း (အဖွဲ့)/၂၀၁၉ (၂၂၀၂၀) အရ ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

## ရည်ရွယ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အမျိုးသားပညာရည်မြင့်မားတိုးတက်စေရန် အတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာနကဦးဆောင်၍ အခြေခံ ပညာ၊ တစ်သက်တာပညာရေး၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့် ပညာရေး စသည့် ကဏ္ဍအားလုံးတွင် သင်ကြားသင်ယူမှု အခွင့်အလမ်းတိုးတက်ကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝစေရန် ပြုပြင်ပြောင်းလဲမှုများအရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ၏ အခန်းကဏ္ဍကိုလည်း အလေးပေးထည့်သွင်း စဉ်းစားဆောင်ရွက် လျက်ရှိပါသည်။

## အကျိုးအကြောင်းဖော်ပြချက်

၁။ အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) အခန်း(၆) ပုဒ်မ(၃၄)တွင် ကျောင်းအမျိုးအစားများကို အောက်ပါအတိုင်း သတ်မှတ်ထား ပါသည် -

(က) အစိုးရကျောင်းများ၊

(ခ) အစိုးရအထောက်အပံ့ခံကျောင်းများ၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်းများ၊

(ဃ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ၊

(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊

(စ) ပရဟိတကျောင်းများ၊

(ဆ) အထူးပညာရေးအစီအစဉ်ကျောင်းများ၊

(ဇ) ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများ၊

(ဈ) ဝန်ကြီးဌာန (သို့မဟုတ်) သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ် သည့် ကျောင်းများ

၂။ ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့တွင် အဖွဲ့ဝင်ပေါင်း (၂၀)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အဖွဲ့ဝင်များတွင် -

(က) ဝိဇ္ဇာ သိပ္ပံပညာရှင်များ

(ခ) နည်းပညာဆိုင်ရာပညာရှင်များ

(ဂ) ကွန်ပျူတာပညာရှင်များ

(ဃ) စီးပွားရေးပညာရှင်များ နှင့်

(င) ဥပဒေပညာရှင်များ

(စ) အခြေခံပညာရေးပညာရှင်များတို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

၃။ အခါအားလျော်စွာ ပညာရေးဝန်ကြီးဌာနမှပေးအပ်သော တာဝန်ဝတ္တရားများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် ဒေသအလိုက်လုပ်ငန်းအဖွဲ့များကို အောက်ပါအတိုင်းဖွဲ့စည်းထားပါသည် –

အဖွဲ့ (၁) နေပြည်တော်နယ်မြေ

အဖွဲ့ (၂) ရန်ကုန်နယ်မြေ – ၁ –

အဖွဲ့ (၃) ရန်ကုန်နယ်မြေ – ၂ –

အဖွဲ့ (၄) ရန်ကုန်နယ်မြေ – ၃ –

အဖွဲ့ (၅) ရန်ကုန်နယ်မြေ – ၄ –

အဖွဲ့ (၆) ရန်ကုန်နယ်မြေ – ၅ –

အဖွဲ့ (၇) မန္တလေးနယ်မြေ

ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အခြေခံပညာအဆင့်သင်ကြားမည့် ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင် ဖွင့်လှစ်ခွင့်လုပ်ငန်းများအား ဥပဒေ၊ နည်းဥပဒေဥဒေများနှင့်အညီ စိစစ်ဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ တည်ထောင်သူပြောင်းခြင်း၊ တည်နေရာပြောင်းခြင်း၊ ကျောင်းအမည်ပြောင်းခြင်းများအားဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ခြင်း၊

(ဂ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ သက်တမ်းတိုးခြင်း၊ ပိတ်သိမ်းခြင်းများကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခြင်း၊

(ဃ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများနှင့်ပတ်သက်၍ လိုအပ်သည့်စည်းမျဉ်း၊ စည်းကမ်းများ၊ သတ်မှတ်ချက်များ၊ လိုက်နာရမည့်အချက်များ ထုတ်ပြန်ခြင်း၊

(င) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုကို သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်ညီညွတ်မှုရှိ/မရှိ စစ်ဆေးရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိက ကျောင်းဆရာအဖြစ် မှတ်ပုံတင်လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များ သတ်မှတ်ပေးခြင်း၊

(ဆ) လျှောက်ထားလာသော ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းဆရာ၏ ရရှိထားသော ဘွဲ့အလိုက်ဖြစ်စေ၊ ကျွမ်းကျင်မှုအလိုက်ဖြစ်စေ သင်ကြားခွင့်ရရှိနိုင်ရေးဆောင်ရွက်ခြင်း၊

(ဇ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းဆရာ လက်မှတ်ထုတ်ပေး၊မပေးဆုံးဖြတ်ခြင်း၊

(ဈ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ၏ အရည်အသွေးသည် ကြီးကြပ်ရေးအဖွဲ့က ချမှတ်ထားသောစံနှုန်းများနှင့်အညီဖြစ်ခြင်း၊

(ည) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ထားရှိရမည့် အဆောက်အဦ၊ အကျယ်အဝန်းလိုအပ်ချက်များ သတ်မှတ်ခြင်း၊

(ဋ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများတွင် သင်ကြားမည့် ဆရာ၊ဆရာမများအား စည်းမျဉ်း၊ စည်းကမ်း ညွှန်ကြားချက်နှင့်အညီ စိစစ်ဆောင်ရွက်ခြင်း။

(ဌ) ကျောင်းဝင်ကြေး၊ ကျောင်းလခပေးရသော ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ နှင့် ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကပညာဒါနကျောင်းများ အမျိုးအစားခွဲခြားခြင်း။

(ဍ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ပေးသွင်းရမည့်ကြိုတင် အပ်နှံငွေသတ်မှတ်ခြင်း။

(ဎ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင်သက်တမ်းမကုန်မီကာလ အတွင်း ဖျက်သိမ်းရန် လျှောက်ထားလာလျှင် ကြီးကြပ်ရေးအဖွဲ့က စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုပေးခြင်း။

(ဏ) စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိက ကျောင်း အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများ၊ သင်ကြားသူဆရာ၊ ဆရာမများနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေး အဖွဲ့၏မူဝါဒများနှင့်အညီ စိစစ်အရေးယူဆောင်ရွက်ခြင်း။

(တ) ဝန်ကြီးဌာနက ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများနှင့်ပတ်သက်၍ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

(ထ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ၏ သင်တန်းဆင်းလက်မှတ်၊ အောင် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဘွဲ့လွန်၊ ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းခြင်းများကို ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်းရှိ/ မရှိ စိစစ်ဆောင်ရွက်ခြင်း။

(ဒ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာအဆင့်အတန်းနှင့် အရည်အသွေးအား ကြီးကြပ်စစ်ဆေးရာအဆင့်အတန်းနှင့်အရည်အသွေးအား ကြီးကြပ် စစ်ဆေးရာတွင် ကူညီပံ့ပိုးဆောင်ရွက်ခြင်း။

(ဓ) ဘွဲ့၊ ဘွဲ့လွန်ဒီဂရီပေးအပ်မည့် ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများတွင် သင်ကြားမည့် အစိုးရဝန်ထမ်း မဟုတ်သော ဆရာများအား စိစစ်ထောက်ခံပေးခြင်း။

(န) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများသည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ် ဆောင်ရွက်ခြင်း။

၄။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစံချိန် စံညွှန်း၊ လုပ်ထုံး လုပ်နည်းများ (Standard Operating Procedures) ပညာရေးဝန်ဆောင်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အဆိုပြုလာပါက ပညာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် တောင်းခံရာတွင် တင်ပြရန် လိုအပ်သောအချက်အလက်များ

(၁) ရင်းနှီးမြှုပ်နှံသူ/အဖွဲ့အစည်း၏ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သော အထောက်အထား

(က) မြန်မာနိုင်ငံသားအတွက် နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ

(ခ) နိုင်ငံခြားသားအတွက် နိုင်ငံကူးလက်မှတ် မိတ္တူ

(၂) ရင်းနှီးမြှုပ်နှံမှုပုံစံ(နိုင်ငံသား/နိုင်ငံသားနှင့်နိုင်ငံခြားသားဖက်စပ်/နိုင်ငံခြားသား) ဖော်ပြချက်

(၃) ဖွင့်လှစ်မည့် ပုဂ္ဂလိကကျောင်းအမည်နှင့်အမျိုးအစား

(၄) ကျောင်း၏ တံဆိပ်နှင့်အမှတ်အသား

(၅) ကျောင်း၏မျှော်မှန်းချက်

(၆) ကျောင်း၏ရည်မှန်းချက်

(၇) ပညာသင်နှစ် နှင့် ပညာသင်ကာလသတ်မှတ်ချက် (course calendar)

(၈) ပေးအပ်မည့် သင်တန်းဆင်းလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့လက်မှတ်အမျိုးအစားများနှင့် အသိအမှတ်ပြုသည့်အဖွဲ့အစည်း

(၉) ပေးအပ်မည့် သင်တန်းဆင်းလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့လက်မှတ်အမျိုးအစားနမူနာပုံစံ

(၁၀) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာအမျိုးအစား (အမျိုးသားသင်ရိုးညွှန်းတမ်း (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာညွှန်းတမ်း) ဖော်ပြချက်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ အပြည့်အစုံဖော်ပြချက်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားရန်ကတိပြုဝန်ခံချက်

(၁၁) ကျောင်းဝင်ကြေး၊ ကျောင်းလခနှင့် ပေးသွင်းရမည့်ပုံစံ

(၁၂) အရည်အသွေးအကဲဖြတ်စနစ်(Assessment System)

(၁၃) တန်းကူး၊ တန်းပြောင်း၊ တန်းညှိ စနစ်

(၁၄) ကျောင်းဝတ်စုံရှိပါက ဝတ်စုံပုံစံဓာတ်ပုံနှင့် ကျောင်းဝတ်စုံဝတ်ဆင်ရမည့် ရက်သတ်မှတ်ချက်

(၁၅) အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းဖြစ်ပါက အောက်ပါတို့ကို တင်ပြရမည်

(က) ကျောင်း၏ ပဋိညာဉ်စာတမ်း

(ခ) ဘွဲ့ဝတ်စုံ ပုံစံ ဓာတ်ပုံ

(ဂ) ကျင့်သုံးမည့် (Credit Transfer System )

(၁၆) ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံ

(၁၇) ကျောင်းအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက်များနှင့် ပညာအရည်အချင်း အထောက်အထား

(၁၈) ကျောင်းအဆောက်အအုံ၊ ကျောင်းပရဝုဏ်နှင့် ပတ်သက်သော သတင်းအချက်အလက်များ

(က) ကျောင်းအဆောက်အအုံ၊ ကျောင်းပရဝုဏ်၏ဓာတ်ပုံများ

(ခ) အသုံးပြုခွင့်ရှိသောအထောက်အထား

(ဂ) ကျောင်းအမျိုးအစားအလိုက် ထားရှိရမည့်ကျောင်းပရဝုဏ်၊ အဆောက်အအုံ လုံလောက်မှု ရှိကြောင်းဝန်ခံချက်

(၁၉) ပုဂ္ဂလိကကျောင်း ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း ပုဂ္ဂလိကကျောင်းတည်ထောင်ဖွင့်လှစ်မည့် ပရဝုဏ်၏ ဘေးပတ်ဝန်းကျင်တွင် အနီးစပ်ဆုံးနေထိုင်သူအနည်းဆုံး(၁၀)ဦး သဘောတူလက်မှတ်ရေးထိုးထားသည့် အထောက်အထားနှင့် ယင်းအထောက်အထားမှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(၂၀) ပြည်တွင်းဆရာဦးရေ

(၂၁) နိုင်ငံခြားသားဆရာဦးရေ

(၂၂) လက်ခံမည့်ကျောင်းသားဦးရေ

(၂၃) သင်ကြားမည့် ဆရာ၊ ဆရာမဦးရေနှင့် ကျောင်းသားဦးရေအချိုး

(၂၄) စီမံခန့်ခွဲရေး ဝန်ထမ်းဦးရေ

(၂၅) ပုဂ္ဂလိကကျောင်း၏ ဆရာ၊ ဆရာမနှင့် စီမံခန့်ခွဲရေး ဝန်ထမ်းလုံလောက်မှုရှိကြောင်း ဝန်ခံချက်

(၂၆) ပုဂ္ဂလိကကျောင်းဝင်း၊ ပတ်ဝန်းကျင်၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းစင်ကြယ်စေရန်အစီအစဉ်၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၊ ကျောင်းလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးအစီအစဉ် ချမှတ်ထားမှုများ

(၂၇) ကျောင်းဆရာ၏ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သော အထောက်အထား (မြန်မာနိုင်ငံသားအတွက် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နိုင်ငံခြားသားအတွက် နိုင်ငံကူးလက်မှတ်မိတ္တူ)

(၂၈) ပုဂ္ဂလိကကျောင်းဆရာများ၏ ဘွဲ့လက်မှတ်အထောက်အထားများနှင့် သင်ကြားမည့်ဘာသာရပ်

(၂၉) ပုဂ္ဂလိကကျောင်းဆရာများ၏ ဘာသာရပ်အလိုက် သင်ကြားရေး အတွေ့အကြုံများနှင့် ကိုယ်ရေးအကျဉ်း

(၃၀) အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ ချမှတ်သောမူဝါဒများ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ချမှတ်ထားသောစံချိန်စံညွှန်းများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီလိုက်နာ ဆောင်ရွက်သွားရန် ကတိပြုဝန်ခံချက်

၅။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅) အခန်း(၁၀)အရ အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု ပုဒ်မ(၅၄)တွင် -

(က) ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ်ရှိရမည်။

(ခ) ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့်အတွင်း အရည်အသွေးစစ်ဆေး အကဲဖြတ်မှုလုပ်ငန်းစဉ်နှင့် ပြင်ပမှအရည်အသွေး စစ်ဆေး အကဲဖြတ်မှု လုပ်ငန်းစဉ်တို့ပါဝင်ရမည်။

(ဂ) ကော်မရှင်သည် အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်း နှင့် နည်းလမ်းများကို သတ်မှတ်ပေးရမည်။

အမျိုးသားပညာရေးဥပဒေ (၂၀၁၄) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅) အခန်း(၁၀)အရ အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု ပုဒ်မ(၅၄) ကော်မရှင်သည် ပုဒ်မ-၅၅ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေး အဆင့် အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းပေးရမည်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၂၂-၈-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် ၃/၂၀၁၉ တွင် အမျိုးသားပညာရေးဥပဒေ ပုဒ်မ-၆ (ခ)အရ အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အဆင့်မြင့်ပညာကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းများအတွက် ကော်မတီ များကို ဖွဲ့စည်းခဲ့ပါသည်။ ၎င်းကော်မတီများမှာ -

(က) အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ဦးစီး ကော်မတီ

(ခ) ပုဂ္ဂလိကအဆင့်မြင့်ပညာရေးကျောင်းများ၏ ပညာအရည်အသွေးစစ်ဆေး အကဲဖြတ် ရေးကော်မတီတို့ဖြစ်ပါသည်။

၇။ (က) အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ဦးစီး ကော်မတီ၏ ရည်ရွယ်ချက်မှာ -

(၁) အဆင့်မြင့်ပညာရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်၊

(၂) နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးအာမခံချက်ရှိသည့် အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများ စနစ်တကျဖွံ့ဖြိုးလာစေရန်၊

(၃) သတ်မှတ်ထားသောစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိန်းညှိဆောင်ရွက် ခြင်းဖြင့် အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန်၊

(ခ) ပုဂ္ဂလိကအဆင့်မြင့်ပညာရေးကျောင်းများ၏ ပညာအရည်အသွေးစစ်ဆေး အကဲ ဖြတ်ရေး ကော်မတီ၏ ရည်ရွယ်ချက်မှာ

(၁) မှန်ကန်၍ စည်းကမ်းပြည့်ဝသော ပြည်သူ့အကျိုးပြု ပုဂ္ဂလိကပညာရေးစနစ် ဖြစ်ထွန်းလာစေရန်၊

(၂) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၃) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေး အဆင့်အတန်းနှင့် အာမခံမှုတို့ကို စစ်ဆေးအကဲဖြတ်ရန်၊

(၄) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေးအဆင့်အတန်းကို အများပြည်သူတို့ ယုံကြည်ကိုးစားလာစေရန်

၈။ ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့သည် ဖော်ပြပါကော်မတီ (၂)ရပ်၏ လုပ်ငန်းများအဆင်ပြေချောမွေ့နိုင်ရေးအတွက် သက်ဆိုင်ရာကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများသို့

(က) ကွင်းဆင်းစစ်ဆေးခြင်း

(ခ) ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင် ရင်းနှီးမြှုပ်နှံခွင့်ရရှိရေးအတွက် သဘောထားမှတ်ချက်ပေးခြင်းတို့စသော ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါသည်။